+ ၂၀၀၂

ဩဂုတ်လ

၇ ရက်

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားသူကြီးဦးခင်မြင့်၏ရှေ့တွင်

ကျော်အောင်ပါ ၂

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁)အရစစ်ပြီးတရားလိုပြသက်သေကို ပြန်ခေါ်စစ်ဆေးခွင့်ပြုရန်တင်ပြခြင်းကို တရားရုံးက ငြင်းဆိုခွင့်မရှိခြင်း၊ ပြစ်မှုထင်ရှားတွေ့ရှိပါက မလွှဲမသွေ သေဒဏ်စီရင်ရမည့် ပြစ်မှုဖြင့်စွဲချက်တင်စစ်ဆေးခြင်းခံရသည့် တရားခံကို ခုခံ ချေပခွင့် အခွင့်အရေး အပြည့်အဝပေးရန်ဖြစ်သဖြင့် အမှုကြန့်ကြာသည်ဆိုသည့်အကြောင်းဖြင့် ဥပဒေကပေးသည့် အခွင့်အရေးကို တရားရုံးက ငြင်းဆိုခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူများက စစ်ပြီးတရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးရန်အတွက် တင်ပြခြင်းသည် ၎င်းတို့အပေါ် စွဲချက်တင်စစ်ဆေးသည့်အခါ အပြစ်မရှိကြောင်းငြင်းဆိုပြီး ချက်ခြင်းတင်ပြခြင်းဖြစ်ကြောင်း တွေ့ရသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရတင်ပြထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရစစ်ဆေးပြီး တရားလိုပြသက်သေကို ပြန်ခေါ်စစ်ပေးရန် တင်ပြခြင်းအား တရားရုံးအနေဖြင့် ငြင်းဆိုခွင့်မရှိဘဲ မလွှဲမသွေ ဆင့်ခေါ်စစ်ဆေးခွင့်ပြုရမည်ဖြစ်သည်။ “ **မောင်အံ့ဘွယ်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** *” အမှုတွင် တရားလိုပြသက်သေများကို ပြန်ခေါ်နိုင်သည့် အခွင့်အရေးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) ကပေးအပ်ထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် မလိုက်နာမနေရ အမိန့်သဘောသက်ရောက်ကြောင်း အမှုစစ်တရားသူကြီးအနေဖြင့် ယင်းပြဋ္ဌာန်းချက်ကို

---

*** ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၀ (ခ)**

**+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၃ တွင် ချမှတ်သော ၂၉-၄-၂၀၀၂ ရက်နေ့စွဲပါ ရေဝတီတိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု**

၂၀၀၂
ကျော်အောင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လိုက်နာရန် ပျက်ကွက်ခြင်းသည် တရားမျှတမှုကင်းမဲ့ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ အမှုကို ပျက်ပြယ်စေသည်ဟု ယူဆရမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို သတိချပ်ရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ခရိုင်တရားရုံးက လျှောက်ထားသူများမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ ပြန်လှန်စစ်မေးရန်အတွက် ဆင့်ခေါ်ပေးရန် တင်ပြသည့် စစ်ဆေးပြီး တရားလိုပြသက်သေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ပါပြဋ္ဌာန်းချက်အားရည်ညွှန်း၍ အမှုမှာ (၂) နှစ်နီးပါးမျှ ကြာမြင့်နေသည့်အမှုဖြစ်ကြောင်း၊ တရားခံများ၊ ရှေ့နေများဖြင့် ပြန်လှန်စစ်မေးရန်နှင့် အခွင့်အရေးပေးပြီးဖြစ်ကြောင်း၊ အမှုကြန့်ကြာစေရန် အနှောင့်အယှက်ပြုရန် တရားမျှတစွာဆုံးဖြတ်နိုင်ရေးကို ထိခိုက်နိုင်ရန် ပြန်ခေါ်သက်သေများကို ပြန်ခေါ်နေခြင်းဖြစ်ကြောင်း အကြောင်းပြ၍ သက်သေများကို ပြန်ခေါ်စစ်မေးခွင့်ပြုရန်ငြင်းပယ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားသူများအပေါ် စွဲချက်တင်စစ်ဆေးသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုသည်ပြစ်မှုထင်ရှား တွေ့ရှိပါက မလွှဲမသွေ သေဒဏ်စီရင်ရမည့် ကြီးလေးသောပြစ်မှုဖြစ်သည်။ သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရသူတရားခံများအနေဖြင့် မိမိတို့၏စရိတ်ဖြင့် ရှေ့နေငှားရမ်းထုချေရန်အတွက် မတတ်နိုင်သည့်အခါ နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးပြီး အမှုကိုရင်ဆိုင်ထုချေဖြေရှင်းစေရန် ခုခံချေပခွင့် အခွင့်အရေးကို အပြည့်အဝပေးရသည်။ လျှောက်ထားသူများသည် သေဒဏ်ထိုက်သည့် ကြီးလေးသောပြစ်မှုဖြင့်စွဲချက်တင်စစ် ဆေးခြင်းခံနေရသူများဖြစ်သဖြင့် ၎င်းတို့အား ခုခံချေပခွင့်အခွင့်အရေး အပြည့်အဝပေးရမည်ဖြစ်သဖြင့် အမှုကြန့်ကြာစေသည်ဆိုသည့်အကြောင်းပြချက်ဖြင့် ဥပဒေကပေးသည့် အခွင့်အရေးကို တရားရုံးမှငြင်းဆိုခွင့် မရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးဝင်းဆွေဦး (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားခံအတွက် | - | ဒေါ်အေးမြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |



ဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၇/၂၀၀၁ တွင် တရားခံ ကျော်အောင်ပါ (၇) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၂၆/၃၄ တို့အရ အသီးသီးစွဲချက်တင် စစ်ဆေးခဲ့ သည်။ တရားခံများက ပြစ်မှုဆိုင်ရာကျင့်ထုံးဥဒေပုဒ်မ ၂၅၆ (၁) အရ စစ်ပြီး တရားလိုသက်သေများကို ပြန်ခေါ်စစ်ဆေးပေးရန် တင်ပြခဲ့သည်။ တရားလိုပြသက်သေ ဦးသိန်းအောင်၊ မောင်သန့်စင်၊ မောင်ကျော်ဦး၊ မောင်အာကာမိုး၊ ဦးမြဇင်တို့လာသဖြင့် စစ်ဆေးပြီးနောက် ပြန်ခေါ် စစ်ဆေးရန် ချိန်းဆိုထားသည့် တရားလိုပြသက်သေ ဦးတင်အေး၊ ဦးအောင်မြင့်နိုင်၊ မောင်ဝေဇင်ဦး၊ မောင်သိန်းလင်းနှင့် မောင်မောင် အောင်တို့ ၁၁-၄-၂၀၀၂ နေ့တွင် ရုံးရှေ့သို့ရောက်ရှိကြသည်။ လျှောက် ထားသူများဖြစ်ကြသည့် တရားခံ ကျော်အောင်နှင့် စက်တင်ဘာဝမ်းတို့၏ ရှေ့နေမှအပ ကျန်တရားခံများ၏ ရှေ့နေများလာကြသည်။ အဆိုပါ နေ့တွင် တရားရုံးက တရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးရန် ဖြစ်သော်ငြားလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ အရပယ် ကြောင်းအမိန့်ချခဲ့သည်။ တရားခံ ကျော်အောင်နှင့် စက်တင်ဘာဝမ်း တို့က ယင်းအမိန့်ကို မကျေနပ်သဖြင့် ဧရာဝတီတိုင်းတရားရုံးသို့ ပြစ်မှု ဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၃/၂၀၀၂ အဖြစ်တင်သွင်းရာ အကျဉ်းနည်း ဖြင့် ပလပ်ခဲ့သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်း လာခြင်းဖြစ်သည်။

အမှုမှာ ဖျာပုံမြို့ (၆) ရပ်ကွက်၊ ဒုတိယလမ်းနေ ဦးသိန်းအောင် က ၆-၇-၂၀၀၂ နေ့ည (၉း၃၀) နာရီတွင် ၎င်း၏သား မောင်သန်းအောင် နှင့် ဦးအောင်မြင့်နိုင်၏သား ကျော်မိုး (ခ) ကျော်ကျော်အောင်တို့ အပြောင် လမ်းနှင့် ဒုတိယလမ်းထိပ်တွင် ဓါးဖြင့်ဝိုင်းထိုးခံရပြီး မောင်သန်းအောင် သေဆုံးသွားသဖြင့် ဥပဒေအရအရေးယူရန် ဖျာပုံရဲစခန်းတွင် အမှုဖွင့် တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

လျှောက်ထားသူကျော်အောင်ပါ (၂) ဦးတို့၏ ရှေ့နေက လျှောက်

၂၀၀၂
ကျော်အောင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ထားသူများမှ တရားလိုပြသက်သေများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရပြန်ခေါ်ခြင်းဖြစ်ကြောင်း၊ ယင်းသက်သေများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ အရ ခေါ်ယူစစ်ဆေးပေးရန် ငြင်းဆန်ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် သွေဖီလျက်ရှိကြောင်း၊ လျှောက်ထားသူများသည် သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၁) (ခ) အရစွဲချက်တင်ခံရသဖြင့် သက်သေပြန်ခေါ် စစ်ဆေးခွင့်ကို ရရှိပြီးနောက် ပြန်လည်ဆုံးရှုံးရသည့်အတွက် လွန်စွာနစ်နာရကြောင်း၊ ယင်းအမိန့်ကို ပယ်ဖျက်ပြီးပြန်လည် တည့်မတ်ပေးသည့်အမိန့်တစ်ရပ် ချမှတ်ရန်ဖြစ်ကြောင်းဖြင့် တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ခရိုင်တရားရုံးက ပြန်ခေါ်သက်သေစစ်မေးခွင့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ အရငြင်းဆိုခဲ့ခြင်းသည် ဥပဒေနှင့်ညီကြောင်း၊ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်းဖြင့် တင်ပြသည်။

အမှုတွဲအား လေ့လာကြည့်ရာ ၁၁-၄-၂၀၀၂ နေ့တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ ပြန်ခေါ်စစ်မေးရန် ဆင့်ခေါ်ထားသည့် တရားလိုသက်သေ ဦးတင်အေး၊ ဦးအောင်မြင့်နိုင်၊ မောင်ဝေဇင်ဦး၊ မောင်သိန်းလင်း၊ မောင်မောင်အောင်တို့လာကြသည်။ အဆိုပါနေ့တွင် ကျန်တရားခံများ၏ရှေ့နေများလာသော်လည်း လျှောက်ထားသူများ၏ ရှေ့နေမလာကြောင်း တွေ့ရသည်။ ခရိုင်တရားရုံးက သက်သေများကို ပြန်ခေါ်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင် အမှုမှာ (၂) နှစ်နီးပါးခန့် ကြန့်ကြာနေသောအမှုဖြစ်ကြောင်း၊ တရားခံများအား ရှေ့နေများဖြင့် ပြန်လှန်စစ်မေးခွင့် အခွင့်အရေးပေးပြီးဖြစ်ကြောင်း၊ အမှုကြန့်ကြာစေရန် အနှောင့်အယှက်ပြုရန် တရားမျှတစွာဆုံးဖြတ်နိုင်ရေးကို ထိခိုက်နိုင်ရန် ပြန်ခေါ်သက်သေများကို ပြန်ခေါ်ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း၊ ပြန်ခေါ်သက်သေစစ်ဆေးခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ အရငြင်းပယ်ကြောင်းဖြင့် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

စစ်ပြီးတရားလိုပြသက်သေများကို တရားခံက ပြန်ခေါ်စစ်မေးခွင့်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ နှင့် ၂၅၇ တို့တွင် ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) တွင် တရားခံကစွဲချက်ကို အပြစ်မရှိကြောင်း ငြင်းဆိုပြီး သို့မဟုတ် စစ်ဆေးစီရင်ရန် တောင်းဆိုပြီးနောက် စစ်ဆေးမြဲတရားလိုပြ

၂၀၀၂
ကျော်အောင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သက်သေများကို ပြန်ခေါ်ပေးရန် ချက်ခြင်းတင်ပြတောင်းဆိုလျှင် တရားရုံးက ထိုသက်သေကို ဆင့်ခေါ်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) တွင် တရားခံအနေဖြင့် မိမိဘက်မှချေပမည့်အဆင့်သို့ ရောက်ရှိ၍ သက်သေတစ်ဦးတစ်ယောက်ကို စစ်ဆေးရန် သို့မဟုတ် ပြန်လှန်စစ်မေးရန်အတွက် ဆင့်ဆိုပေးရန် လျှောက်ထားလျှင် တရားသူကြီးက ဆင့်ခေါ်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ စစ်ပြီးတရားလိုပြသက်သေ ပြန်ခေါ်စစ်မေးခွင့် အခွင့်အရေးသည် တရားခံအပေါ် စွဲချက်တင်သည့်အခါတွင် ချက်ခြင်းတင်ပြတောင်းဆိုရမည်။ ယင်းသို့ တရားခံက ဆင့်ခေါ်ပေးရန် တင်ပြသည့် တရားလိုပြသက်သေကို တရားရုံးက ခေါ်ယူပေးရန်စစ်ဆေးရန် ငြင်းဆိုခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားကြောင်း မတွေ့ရပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) သည် တရားခံကို စွဲချက်တင်ပြီးနောက် တရားခံအနေဖြင့် မိမိဘက်မှ ချေပရမည့်အဆင့်တွင် သက်သေကိုစစ်မေးရန်အတွက်ဖြစ်စေ၊ ပြန်လှန်စစ်ဆေးရန်အတွက်ဖြစ်စေ၊ တောင်းဆိုခွင့်ရရှိသည့် အခွင့်အရေးဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ တွင် သက်သေကို စစ်ဆေးရန် သို့မဟုတ် ပြန်လှန်စစ်မေးရန်အတွက် ဆင့်ခေါ်ရန်လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန် သို့မဟုတ် ကြန့်ကြာစေရန် သို့မဟုတ် တရားမျှတစွာဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်ကိစ္စအလို့ငှာ ပြုလုပ်ကြောင်း တရားရုံးကယုံကြည်၍ သက်သေကို ဆင့်ခေါ်ပေးရန် ငြင်းဆိုနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

တရားလိုပြသက်သေကို ပြန်ခေါ်စစ်ဆေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) ကပေးအပ်သည့် အခွင့်အရေးနှင့် သက်သေကို ပြန်ခေါ်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ကပေးအပ်သည့် အခွင့်အရေးတူညီခြင်းမရှိပေ။

လျှောက်ထားသူများက စစ်ပြီးတရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးရန်အတွက် တင်ပြခြင်းသည် ၎င်းတို့အပေါ် စွဲချက်တင်စစ်ဆေးသည့်အခါ အပြစ်မရှိကြောင်း ငြင်းဆိုပြီး ချက်ခြင်းတင်ပြခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ တင်ပြထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁)

၂၀၀၂
ကျော်အောင်
ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အရစစ်ဆေးပြီး တရားလိုပြသက်သေကို ပြန်ခေါ်စစ်မေးရန် တင်ပြခြင်းအား တရားရုံးအနေဖြင့် ငြင်းဆိုခွင့်မရှိဘဲ မလွှဲမသွေဆင့်ခေါ်စစ်မေးခွင့်ပြုရမည်ဖြစ်သည်။ **မောင်အုံ့ဘွယ်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ*** အမှုတွင် တရားလိုပြသက်သေများကို ပြန်ခေါ်နိုင်သည့် အခွင့်အရေးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) က ပေးအပ်ထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် မလိုက်နာမနေရအမိန့်သဘောသက်ရောက်ကြောင်း အမှုစစ်တရားသူကြီးအနေဖြင့် ယင်းပြဋ္ဌာန်းချက်ကိုလိုက်နာရန်ပျက်ကွက်ခြင်းသည် တရားမျှတမှုကင်းမဲ့ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ အမှုကို ပျက်ပြယ်စေသည်ဟု ယူဆရမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို သတိချပ်ရန်ဖြစ်သည်။

ခရိုင်တရားရုံးက လျှောက်ထားသူများမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရပြန်လှန်စစ်မေးရန်အတွက် ဆင့်ခေါ်ပေးရန်တင်ပြသည့် စစ်ဆေးပြီးတရားလိုပြသက်သေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ပါပြဋ္ဌာန်းချက်အား ရည်ညွှန်း၍အမှုမှာ (၂) နှစ်နီးပါးမျှကြာမြင့်နေသည့်အမှုဖြစ်ကြောင်း၊ တရားခံများရှေ့နေများဖြင့် ပြန်လှန်စစ်မေးရန်နှင့် အခွင့်အရေးပေးပြီးဖြစ်ကြောင်း၊ အမှုကြန့်ကြာစေရန် အနှောင့်အယှက်ပြုရန် တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်နိုင်ရန် ပြန်ခေါ်သက်သေများကို ပြန်ခေါ်နေခြင်းဖြစ်ကြောင်း အကြောင်းပြ၍ သက်သေများကို ပြန်ခေါ်စစ်မေးခွင့်ပြုရန် ငြင်းပယ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းမရှိပေ။

လျှောက်ထားသူများအပေါ် စွဲချက်တင်စစ်ဆေးသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်မှုသည် ပြစ်မှုထင်ရှားတွေ့ရှိပါက မလွှဲမသွေ သေဒဏ်စီရင်ရမည့် ကြီးလေးသောပြစ်မှုဖြစ်သည်။ သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရသူတရားခံများအနေဖြင့် မိမိတို့၏စရိတ်ဖြင့် ရှေ့နေငှားရမ်းထုချေရန်အတွက် မတတ်နိုင်သည့်အခါ နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးပြီး အမှုကိုရင်ဆိုင်ထုချေဖြေရှင်းစေရန် ခုခံချေပခွင့် အခွင့်အရေးကို အပြည့်အဝပေးရမည်။ လျှောက်ထားသူများသည် သေဒဏ်ထိုက်သည့် ကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးခြင်းခံနေရသူများဖြစ်သဖြင့် ၎င်းတို့အား ခုခံချေပခွင့် အခွင့်အရေး အပြည့်အဝပေးရမည်ဖြစ်သဖြင့် အမှုကြန့်ကြာစေသည်ဆိုသည့် အကြောင်းပြချက်ဖြင့်

---

*** ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်) စာ ၈၆၃**

ဥပဒေကပေးသည့် အခွင့်အရေးကို တရားရုံးမှ ငြင်းဆိုခွင့်မရှိပေ။

အထက်ပါအကြောင်းများအရ ဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီး အမှတ် ၇/၂၀၀၁ တွင် ၁၁-၄-၂၀၀၂ ရက်စွဲဖြင့် ပြန်ခေါ်သက်သေများ စစ်မေးရန် ငြင်းပယ်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် ဧရာဝတီတိုင်းတရားရုံးအမိန့်များကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူများအပါအဝင် တရားခံများမှ ပြန်ခေါ်စစ်မေးခွင့်ပြုရန် တင်ပြထားသည့် သက်သေများကို ပြန်ခေါ်စစ်မေးခွင့်ပြုရန် ဖျာပုံခရိုင်တရားရုံးအား ညွှန်ကြားလိုက်သည်။